သို့ /

**မြန်မာ့ရိုးရာစားသောက်ဆိုင်**

ဆိုင်အမည် ။ ။ ————————————————————

လိပ်စာ ။ ။ ————————————————————

————————————————————

ဖုန်းနံပါတ် ။ ။ ———————————————————— နေ့စွဲ ။ ။ ရက် လ ခုနှစ်

**အကြောင်းအရာ** ။ ။ " **ဂျပန်၊မြန်မာချစ်ကြည်ရေးအသင်း၏ Event အတွက် အထူးမေတ္တာရပ်ခံခြင်း** "

**"လေးစားအပ်ပါသောမြန်မာမိတ်ဆွေများမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ"...**

ကျွန်တော်များကန်တို(Kanto) ဂျပန်၊မြန်မာချစ်ကြည်ရေးအသင်းခွဲမှဂျပန် – မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးကို နှီးနှောဖလှယ်သည့်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် မဟုတ်သော်ငြားလည်း တတ်နိုင်သရွေ့ စွမ်းစွမ်းတမံကျိုးပမ်းဆောင်ရွက်ခဲ့သည်မှာ နှစ်ရှည်လများ ကြာညောင်းခဲ့ပြီဖြစ်ပါသည်၊ ယခုလည်း ဂျပန်၊မြန်မာချစ်ကြည်ရေးတရပ်အနေဖြင့် ဂျပန်နိုင်ငံ၊တိုကျိုမြို့တွင်ရှိသော မြန်မာ့ရိုးရာစားသောက်ဆိုင်များသို့ ချစ်ကြည်ရေးအသင်း အဖွဲ့ဝင်မိတ်ဆွေများ, အသင်းဝင်မဟုတ်သောအခြားဂျပန်မိတ်ဆွေများ၊ဂျပန်နိုင်ငံရောက် မြန်မာမိတ်ဆွေများနှင့်အတူလာရောက်အားပေးစားသောက်ရန်အတွက် **{မြန်မာ့ရိုးရာစားသောက်ဆိုင်များသို့ လှည့်လည်စားသောက်သောအဖွဲ့}** အစီအစဉ်ကို ဖွဲ့စည်းသတ်မှတ်ရန် ဖြစ်ပါ၍ မိတ်ဆွေများ၏စားသောက်ဆိုင်သို့ လာရောက်အားပေးစားသောက်ရန်အတွက် သဘောတူညီခွင့်ပြု/မပြုကို အကြောင်းပြန်ပေးစေလိုပါသည်၊

အကယ်၍ သဘောတူညီခွင့်ပြုချက်ရရှိပါက ကျွန်ုပ်တို့၏အောက်ဖော်ပြပါလိပ်စာအတိုင်း ဖက်စ်(သို့)ဖုန်းတို့ဖြင့် အကြောင်းပြန်ဆက်သွယ်ပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်၊

**အဖွဲ့၏လှုပ်ရှားမှု့ အစီအစဉ် –**

ဂျပန် – မြန်မာချစ်ကြည်ရေးအဖွဲ့၏ Event အစီအစဉ်အနေဖြင့်(ဂျပန်မိတ်ဆွေများ၊ဂျပန်နိုင်ငံရှိမြန်မာမိတ်ဆွေများ) ကို စာတိုက်မှၡင်း၊ HomePage , Internet မှၡင်း၊အသင်းဝင်အဖြစ် ပါဝင်လှုပ်ရှားရန်အတွက် နှိုးဆော်ထားပါသည်၊ မိတ်ဆွေ၏စားသောက်ဆိုင်သို့ လာရောက်အားပေးစားသောက်ရန် ခွင့်ပြုချက်ရရှိပါက အနည်းဆုံး(၁၀) ယောက်အပါအဝင်အဖွဲ့ တဖွဲ့အနေဖြင့်လာရောက်အားပေးမည်ဖြစ်ပါသည်၊ မိတ်ဆွေ၏စားသောက်ဆိုင်မှ မိမိလက်ရွေးစင်အစားအသောက်အပါအဝင် (၂ – ၃)မျိုးကို ယန်း(၂၀၀၀)နှုန်းဖြင့်ကောက်ခံပေးပါရန်နှင့် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် မှတ်တမ်းတင်ဓါတ်ပုံနှင့် ဆိုင်အမည်ကို Internet HomePage တွင်ထည့်သွင်းဖော်ပြပေးပါမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်၊

**နေ့ရက်အချိန်သတ်မှတ်ခြင်း –**

မိတ်ဆွေများထံမှ သဘောတူညီခွင့်ပြုချက် ခိုင်မာစွာရရှိခဲ့ပြီးနောက်ပိုင်းမှာသာ လာရောက်စားသောက်မည့် နေ့ရက်အချိန်ကိုသတ်မှတ်၍ မိတ်ဆွေများထံအကြောင်းကြားမည်ဖြစ်ပြီး အများအားဖြင့် စနေ / တနင်္ဂနွေနေ့ ညနေပိုင်းမှညပိုင်းအချိန်များတွင်ဆိုင်၏ အဆင်ပြေသောအချိန်ကို ရွေးချယ်၍(၂)နာရီခန့်အကြာ စားသောက်မည်ဖြစ်ပါသည်၊ [ ရက် လ ခုနှစ် ]အတွင်းမှအစီအစဉ်ကိုစတင်မည်ဖြစ်ပါသည်၊

**အစားအသောက်အစီအစဉ်နှင့်စပ်လျဉ်း၍ –**

✳ တယောက်လျှင် ၂၀၀၀¥(ယန်း) နှုန်းသတ်မှတ်ထားပါသည်၊

✳ တယောက်လျှင် ဟင်း (၂ – ၃)မျိုးစီစဉ်ပေးပါရန်နှင့် ထပ်မံမှာကြားသောအစားအသောက်နှင့်ပတ်သတ်၍မှာကြားသူက ကျသင့်ငွေကို ထပ်မံပေးဆောင်မည်ဖြစ်ပါသည်၊စားသောက်နေစဉ်တွင် အခြားဧည့်သည်များအနေဖြင့် မိမိတို့၏အဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားလိုပါက – ပါဝင်နိုင်ကြောင်းကို ပြောကြားပေးစေလိုပါသည်၊

အဖွဲ့အစည်း၏ဦးတည်ချက်မှာဂျပန်၊ မြန်မာမိတ်ဆွေများအားလုံး ပျော်ရွှင်စွာနှင့်အရသာရှိသော မြန်မာအစားအစာကို ဂျပန်၊မြန်မာမိတ်ဖြစ်ဆွေဖြစ် ချစ်ကြည်ရင်းနှီးစွာဖြင့် စားသောက်နိုင်ရန်ကို ရည်ရွယ်ပါသည်။ ။

**ဂျပန်၊ မြန်မာ ချစ်ကြည်ရေးအသင်းခွဲ**

**ဥက္ကဋ္ဌ**

Jyunichi Ishida

2 - 4 - 5 - 205 , Minatoku Shibadaimon

KYOTO . JAPAN , T - 105 - 0012

**ဆက်သွယ်ရန်**

**ရုံးတာဝန်ခံ** – Kennichi Kurihara

Tel: (03) 3435 - 1414

http://www.jmfa.or.jp